UNHCR
The UN Refugee Agency

# THAILAND

2 – 29 July 2017

## MEDIA MONITORING REPORT # 169

## စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှု

### သရေ-ဒေါ့ဖဲ ဆေးခန်း ကျောက်ကြီးတွင် တရားဝင်ဖွင့်လှစ်

Burma News International, 25 July 2017

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်အတွင်း ဆေးကုသစရိတ်မတတ်နိုင်သည့် လူနာများအတွက်ရည်ရွယ်ကာ ကျောက်ကြီးမြို့ ၊ မေတ္တာရပ်ကွက်၌ သရေ-ဒေါ့ဖဲဆေးခန်းကို သရေ-ဒေါ့ဖဲ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်ပြီး ဇူလိုင် ၂၂ ရက်နေ့တွင် တရားဝင်ဖွင့်လှစ်လိုက်သည်။




အဆိုပါဆေးခန်းကို ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဇွန်လကတည်းက စတင်ဖွင့်လှစ်ခဲ့သော်လည်း ပြည်တွင်းတရားဝင်ဆေးဆရာဝန် လက်မှတ်(ဆမ)မရှိသူဆရာဝန်မရှိသည့်အတွက် ခေတ္တာရပ်နားထားလိုက်ရပြီးနောက် ဇူလိုင်လ ၂၂ ရက်နေ့တွင် တရားဝင်ပြန်လည်ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်ဟု ဆေးခန်း မန်နေဂျာ စောမန်းရှင်းကပြောသည်။

ထို့အပြင် အဆိုပါဆေးခန်းဖွင့်လှစ်နိုင်ရေးအတွက် အစိုးရခွင့်ပြုချက်ရရှိရေး၊ ကျောက်ကြီးဒေသသည် ပဋိပက္ခနယ်မြေဖြစ်သည့်အတွက် နိုင်ငံခြားသားစေတနာ့ဝန်ထမ်းများ လာရောက်ခွင့်ရရှိရေးစသည့် အပိုင်းများကို ညှိနှိုင်းလုပ်ဆောင်မှုဖြင့်ပါ ဝင်ကူညီပေးခဲ့ကြောင်း တိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဌက ဖြည့်စွက်ပြောကြားခဲ့သည်။

၎င်းဆေးခန်းကို အမေရိကန်နိုင်ငံရှိ ခရိယာန်သာသနာပြုအလှူရှင်များနှင့် Earth Mission Asia Foundation အဖွဲ့မှ ထောက်ပံ့ကူညီမှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကာ ရေရှည်ရပ်တည်ရေးအတွက် ဆေးလာရောက်ကုသသည့် လူနာများထံမှ တတ်နိုင်သည့် စရိတ်ဖြင့်သာ ရေရှည်ရပ်တည်သွားရန် ရည်ရွယ်ကြောင်း ဆေးခန်းတာဝန်ရှိသူများက ပြောသည်။

အဆိုပါ ဆေးခန်းတွင် လက်ရှိ ပြည်တွင်းဆရာဝန် ၃ ဦးအပါအဝင် ဝန်ထမ်း ၁၁ဦး နှင့် ပြည်ပစေတနာ့ဝန်ထမ်း နိုင်ငံခြားသားလုပ်အားပေးသူများလည်းရှိကာ စတင်ဖွင့်လှစ်ခဲ့သည့် တစ်နှစ်ကျော်ကြာ အချိန်မှ အခုလို တရားဝင်ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း ဆေးခန်းတာဝန်ရှိသူများထံမှ သိရသည်။

Link: http://www.bnionline.net/news/karen-state/item/3285-low-cost-clinic-reopened-in-kyaukkyi.html

### မွန်ပြည်နယ်အတွင်း ပြုလုပ်မည့် ကရင်ရိုးရာလက်ချည်ပွဲများအတွက်ကျပ်သိန်း ၁၆၀ မွန်အစိုးရ ထောက်ပံ့မည်

Burma News International, 29 July 2017



မွန်ပြည်နယ်အတွင်းပြုလုပ်မည့် ကရင့်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားများအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ကျပ်သိန်း ၁၆၀ ထောက်ပံ့ပေးသွားမည်ဟု မွန်ပြည်နယ်အစိုးရအဖွဲ့ ၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောရအောင်မြင့်ခိုင်က ပြောကြားခဲ့သည်။

"ထောက်ပံ့ငွေအနည်းအများထက် အသိအမှတ်ပြုမှုကို ပိုအလေးထားတဲ့အနေထားမျိုးဖြစ်စေချင်တယ်။ အခုက ဖွံ့ဖြိုး

ရေးတွေ ဖြစ်လာဖို့အတွက်ကိုလည်း အလေးထားလုပ်ဆောင်နေတယ်၊ ဓလေ့ထုံးတမ်းအစဉ်အလာ ယဉ်ကျေးမှုအပိုင်းကိုလည်း အတတ်နိုင်ဆုံးဖြည့်ဆည်းခြင်းဖြစ်ပါတယ် " ဟု  ဟု ၎င်းက ပြောကြားခဲ့သည်။

အဆိုပါမွန်ပြည်နယ် အစိုးရကထောက်ပံ့ပေးမည့် ဘတ်ဂျက်ငွေ ကျပ် သိန်း ၁၆၀ ကို ပြည်နယ်အတွင်း ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား စုပေါင်းပြုလုပ်မည့်နေရာ ၁၈ နေရာအတွက် လူဦးရေအနည်းအများအပေါ် မူတည်ပြီး ခွဲဝေသွားရန်စီစဉ်နေသည်ဟု ဝန်ကြီးက ဖြည့်စွက်ပြောသည်။

မွန်ပြည်နယ်အစိုးရအနေဖြင့် သက်တမ်း ၂ နှစ်အတွက် ပြည်နယ်အတွင်း ပြုလုပ်သည့် ကရင်နှစ်သစ်ကူးပွဲတော်အခမ်းအနား ၊ စုပေါင်းစာပေသင်တန်းဆင်းပွဲ အခမ်းအနားများသို့ အသုံးစရိတ် ဘတ်ဂျက်ချပေးထောက်ပံ့ခဲ့ဖူးသလို ယခုလို ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားအတွက် ပထမဆုံးအကြိမ် ဘတ်ဂျက် သိန်း ၁၆၀ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်းသိရသည်။

Link: http://www.bnionline.net/news/karen-state/item/3306-mon-state-government-to-sponsor-traditional-karen-wrist-tying-ceremonies.html

## မြန်မာနိုင်ငံ၌ CHDB ဘဏ်မှ အိမ်ရာချေးငွေများ ပိုမိုပေးအပ်မည်

Eleven Myanmar, 2 July 2017

ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဘဏ်(CHDB)သည် ယခုနှစ်တွင် ဝင်ငွေနည်းပါးသည့်သူများအား အိမ်ရာနှင့်ပတ်သတ်သည့်ဘဏ်အကောင့်များ ပိုမို ဖွင့်ပေးနိုင်ရန်နှင့် ချေးငွေများပေးနိုင်ရန်စီစဉ်နေသည်ဟု ဘဏ်ရှိ အလုပ်အမှုဆောင်တစ်ဦး၏ပြောကြားချက်အရ သိရှိရသည်။



ဘဏ်၏အိမ်ရာချေးငွေဌာနမှ လက်ထောက်မန်နေဂျာဖြစ်သူ လှမျိုးတင့်က လက်ရှိတွင် အိမ်ရာငွေစုအကောင့်တစ်သောင်းခုနစ်ထောင်ကျော် ဖွင့်ပေးပြီးပြီဖြစ်ပြီး ၎င်းတို့ထဲမှ လူသုံးထောင်ကျော်သည် တန်ဖိုးနည်းအိမ်ရာနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဌာနနှင့် အချို့သောဆောက်လုပ်ရေးကုမ္ပဏီများမှ အကောင်အထည်ဖော်နေသည့် အလယ်လတ်စားတိုက်ခန်းများကို ဝယ်ယူရန် သတ်မှတ်ချက်များနှင့်ပြည့်မီကြောင်း ပြောခဲ့သည်။

အစိုးရအနေဖြင့် အလယ်လတ်တန်းစားမိသားစုများနှင့်ဝင်ငွေနိမ့်ပါးသည့်မိသားစုများ၏ အိမ်လိုချင်သည့်ဆန္ဒအားဖြည့်ဆည်းပေးနိုင်ရန်အတွက် အကျိုးအမြတ်မယူဘဲ လုပ်ဆောင်သည့်ကနဦးလုပ်ဆောင်မှုဖြစ်ကြောင်း လှမျိုးတင့်က ပြောခဲ့သည်။ ဘဏ်အနေဖြင့် ဆောက်လုပ်ရေးစီးပွားရေးလုပ်ငန်းများနှင့် မိသားစုများကို ပံ့ပိုးပေးရန်ရည်ရွယ်သည်။

" အခန်းခကို ၃၀ ရာခိုင်နှုန်းအရင်ပေးချေရုံနဲ့ လူတွေတိုက်ခန်းဝယ်ယူနိုင်ပါပြီ။ ပေးရမယ့်ကျန်ရှိတဲ့ ၇၀ ရာခိုင်နှုန်းကိုတော့ ၁၀ နှစ်အတွင်းမှာ ပေးချေရပါမယ်။ နှစ်အနည်းငယ်အတွင်းမှာ ပေးချေနိုင်မယ်ဆိုလည်း ဆန္ဒရှိသလို ပေးချေနိုင်ပါတယ်။ သူတို့ပေးချေရမယ့်အခန်းဈေးနှုန်းအပေါ်မူတည်ပြီး ချေးငွေကာလကို နှစ်၂၀ ကနေ နှစ် ၃၀ အတွင်း တိုးချဲ့သွားဖို့ ကျွန်တော်တို့အခု စဉ်းစားနေပါတယ် " ဟု သူကပြောသည်။

အိမ်ရာချေးငွေ ချေးယူရန်အတွက် မည်သည့်အာမခံပစ္စည်းမှပေးရန် မလိုအပ်သော်လည်း ဘဏ်အနေနှင့် ချေးသူမှ အိမ်ဖိုးချေးငွေ အကြေမဆပ်ခင်အထိ အခန်းပိုင်ဆိုင်မှုစာရွက်စာတမ်းများအားလုံးကို သိမ်းဆည်းထားမည်ဖြစ်ကြောင်း သူကပြောသည်။

ယခုအခါဘဏ်သည် ရန်ကုန်အပါအဝင်  နေပြည်တော် ၊ မန္တလေး ၊ မော်လမြိုင် ၊ ပုသိမ် နှင့် မကွေး စသည့်မြို့များတွင် ဘဏ်ခွဲ(၁၀)ခုရှိနေပြီဖြစ်ပြီး အခြားမြို့များတွင်လည်း မကြာမီတိုးချဲ့သွားမည်ဖြစ်သည်။

Link: http://www.elevenmyanmar.com/business/10357

## ကာလကြာရှည်နှောင့်နှေးနေသည့် ထားဝယ်စီးပွားရေးဇုန်အတွက် ထိုင်းမှ ဒေါ်လာ(၁၃၃)မီလီယမ် ချေးငှားခွင့်ပြု

Reuters, 30 May 2017

မြန်မာနှင့်ထိုင်းနိုင်ငံသည် ဖွံ့ဖြိုးမှုနှောင့်နှေးနေသည့် မြန်မာနိုင်ငံ၏ထားဝယ်အထူးစက်မှုဇုန်ကို စတင်ရန်အတွက် ချေးငွေဘတ်(၄.၅)ဘီလီယမ်(ဒေါ်လာ ၁၃၃မီလီယမ်)သတ်မှတ်လိုက်ပြီဖြစ်ကြောင်း ထိုင်းနိုင်ငံ၏သယ်ယူပို့ဆောင်ရေးဝန်ကြီးက သောကြာနေ့တွင် ပြောကြားခဲ့သည်။

နှစ်နိုင်ငံသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ဖုန်တည်ဆောက်ရန်အတွက် ၂၀၀၈ခုနှစ်ကပင် သဘောတူစာချုပ်တွင်လက်မှတ်ရေးထိုးခဲ့သည်။ သို့သော်လည်း ဒေါ်လာဘီလီယံများစွာကုန်ကျမည့်စက်မှုဇုန်သည် ဒေသခံများမှ ဆန္ဒပြခြင်းများနှင့် ဆောက်လုပ်ရေးအတွက် ငွေကြေးလည်ပတ်ရန်ပြဿနာများအပါအဝင် အခက်အခဲများစွာဖြင့် ကြန့်ကြာနေခဲ့သည်။

ထိုင်းနိုင်ငံသယ်ယူပို့ဆောင်ရေးဝန်ကြီး Arkhom Termpittayapaisith သည် ဈေးငွေအခြေအနေကို အပြီးသတ်နိုင်ရန်အတွက် မြန်မာ့စီးပွားရေးဝန်ကြီးဦးသန်းမြင့်နှင့် သောကြာနေ့တွင် တွေ့ဆုံခဲ့သည်။ အတိုးမှာ ၁၀နှစ်အတွင်း (၀.၁)ရာခိုင်နှုန်းဖြစ်ပြီး နှစ်(၃၀)အတွင်း အပြီးသတ်ပေးချေရမည်ဖြစ်သည်။

ယမန်နှစ်တွင် ဂျပန်သည် မြန်မာ၊ ထိုင်းတို့နှင့်အတူ တတိယလက်တွဲသူအဖြစ် လက်မှတ်ရေးထိုးခဲ့သည်။ ထိုသို့ရွှေ့လျားမှုသည် ရင်းနှီးမြှုပ်နှံသူများအား ကာလကြာရှည်စွာကြန့်ကြာနေသည့်စီမံကိန်းတွင် ယုံကြည်စိတ်များမြှင့်တင်ပေးနိုင်လိမ့်မည်ဟု တချို့မှ မျှော်လင့်ခဲ့သည်။

ထိုင်းအစိုးရ၏အဆိုအရ ယခုအခါမြန်မာသည် ထားဝယ်မှ ထိုင်းနိုင်ငံနယ်စပ်အထိ ၁၃၈ ကီလိုမီတာ(၈၆)မိုင်ရှည်လျားသည့် လမ်းမကြီးဆောက်လုပ်ရေးကို တာဝန်ယူဆောက်လုပ်နေပြီဖြစ်ပြီး အီတာလျှံထိုင်းဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီသည် ဆိပ်ကမ်းအသေးစားတစ်ခု ၊ ဓာတ်အားပေးစက်ရုံ ၊ ရေလှောင်ကန်နှင့် စက်မှုမြေများကို စတင်မည်ဖြစ်သည်။

Link: http://af.reuters.com/article/energyOilNews/idAFL3N1JR4GK

## မသန်စွမ်းသူများအား ပညာရေးကောလိပ်ဝင်များတွင် တက်ရောက်ခွင့်ပြုတော့မည်ဖြစ်ကြောင်း ဝန်ကြီးဌာနမှ ပြောကြား

Myanmar Times, 30 June 2016

မသန်စွမ်းသူများအား ကောလိပ်ပညာရေးတက်ရောက်သင်ကြားရန် ကန့်သတ်ထားသည့် ကန့်သတ်မှုများကို ပယ်ဖျက်တော့မည်ဖြစ်ပြီး တက္ကသိုလ်အဆင့်မြင့်ပညာရေးတွင် တက်ရောက်သင်ယူနိုင်ရန် လျှောက်ထားနိုင်တော့မည်ဖြစ်သည်ဟု အဆင့်မြင့်ပညာရေးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အောင်မင်းက ပြောကြားခဲ့သည်။

“ ဒီနှစ်မှစပြီး မည်သည့်မသန်စွမ်းသူမဆို ကောလိပ်များမှာ တက်ရောက်ဖို့ လျှောက်ထားနိုင်ပါတယ်။  ကျွန်တော်တို့ မနှစ်ကထားရှိတဲ့ မသန်စွမ်းသူများနဲ့ပတ်သတ်တဲ့ ကန့်သတ်မှုတွေနဲ့ နိုင်ငံသားနဲ့ဆိုင်တဲ့ ကန့်သတ်မှုတွေကို ပယ်ဖျက်ပါတော့မယ် ” ဟု သူက ပြောခဲ့သည်။

ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သောအစည်းအဝေးတွင် မသန်စွမ်းသူများအား ပညာရေးဆိုင်ရာကောလိပ်များတွင် လက်ခံသင့်ကြောင်းကို ပညာရေးဝန်ကြီးနှင့် မြန်မာ့မသန်စွမ်းသူများအဖွဲ့က သဘောတူညီခဲ့သည်။

မသန်စွမ်းသူ ၅၃ ရာခိုင်နှုန်းသည် ပညာမသင်ကြားနိုင်ခဲ့ပေ။ ၂ ရာခိုင်နှုန်းလောက်သာ ဘွဲ့ရရှိခဲ့ကြောင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၀ခုနှစ် အစီရင်ခံစာအရ သိရှိရသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၂.၃ သန်းကျော်တွင် တချို့မှာမသန်စွမ်းသူများဖြစ်ကြောင်း ၂၀၁၄ခုနှစ် သန်းခေါင်စာရင်းအရ သိရှိရသည်။

“ မသန်စွမ်းဖြစ်လို့ဆိုပြီး ကျောင်းဝင်ခွင့်လျှောက်ထားမှုကို ပယ်ချမယ်ဆိုရင် မသန်စွမ်းတွေအတွက်လှုပ်ရှားဆောင်ရွက်ပေးနေတဲ့ အခြားအဖွဲ့အစည်းတွေကိုပဲဖြစ်ဖြစ်  မသန်စွမ်းအဖွဲ့အစည်းဆီကိုပဲဖြစ်ဖြစ်  ခိုင်လုံတဲ့သက်သေအထောက်အထားနဲ့အတူလာရောက် တိုင်ကြားမှုပြုနိုင်ပါတယ် ”ဟု မသန်စွမ်းအဖွဲ့အစည်းမှ အထွေထွေအတွင်းရေးမှူးဖြစ်သူဦးမြတ်သူဝင်းက ပြောခဲ့သည်။

“တကယ့်ကို အရမ်းမသန်မစွမ်းဖြစ်နေမယ်ဆိုရင်တော့ သူတို့တက်ရောက်ခွင့်ပြုမှာမဟုတ်ပါဘူး။ ဒါပေမယ့် အရမ်းမသန်မစွမ်း မဖြစ်ဘူးဆိုရင် သူတို့လက်ခံမှာပါ။ အရင်တုန်းက လက်ချောင်းလေးတွေကောက်ကွေးပြီးဆက်နေတဲ့သူတွေကို သူတို့မလက်ခံပါဘူး၊ ဒါပေမယ့် အခုအခါမှာတော့ လက်ခံနေပါပြီ။ ပညာရေးဝန်ကြီးနဲ့အတူ ကျွန်တော်တို့ သဘောတူညီမှုရရှိထားပါပြီ ” ဟု သူကထပ်မံပြောကြားခဲ့သည်။

ပညာရေးဝန်ကြီး၏ပြောကြားချက်အရ နိုင်ငံတဝှမ်းတွင် ပညာရေးကောလိပ်(၂၃)ခုရှိပြီး ၂ နှစ် ဒီပလိုမာပေးကြောင်းသိရသည်။ နောက်ထပ်သင်တန်း ၂ နှစ်ထပ်မံတက်ရောက်ပြီးပါက ဘွဲ့ရသူများကို အခြေခံပညာစာသင်ကျောင်းများတွင် ကျောင်းဆရာများအဖြစ် ခန့်ထားပေးမည်ဖြစ်သည်။

ထိုကောလိပ်များတွင် နှစ်စဉ်နှစ်တိုင်း ဆရာ၊ ဆရာမ ၁၀၀၀ ကျော်အား လေ့ကျင့်သင်ကြားပေးလျှက်ရှိသည်။

ဝန်ကြီးဌာနသည် ပညာရေးကောလိပ်များကို တက္ကသိုလ်များအဖြစ်သို့ အဆင့်မြှင့်တင်ပေးနိုင်ရန် ကြိုးပမ်းလျှက်ရှိပြီး မကြာမီကောလိပ် ၂ ခုထပ်မံဖွင့်လှစ်နိုင်ရန် မျှော်မှန်းထားသည်။ ဒီဇင်ဘာလတွင် ဖွင့်လှစ်မည့်အကြောင်း  အစိုးရသတင်းစာများတွင် ကြေငြာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလတွင် မသန်စွမ်းသူများ၏အခွင့်အရေးနှင့်ပတ်သတ်၍ ညီလာခံတွင် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၅ ခုနှစ် ၊ ဇွန်လတွင် ပြည်ထောင်စုလွှတ်တော်သည် မသန်စွမ်းသူများအခွင့်အရေးဥပဒေကို အတည်ပြုခဲ့သည်။

Link: http://www.mmtimes.com/index.php/national-news/yangon/26619-disability-no-longer-handicap-for-college-entrance-ministry.html

## အရေပြားအောက် ထည့်သွင်းရသည့် သန္ဓေတားဆေးအသစ် စတင်မိတ်ဆက်

Myanmar Times, 29 June 2017

ကိုယ်တိုင်ထိုးသွင်း အသုံးပြုနိုင်သော အရေပြားအောက်ထိုးသည့် သန္ဓေတားဆေးကို ဇွန်လ ၂၇ ရက်နေ့က စတင်မိတ်ဆက်ခဲ့ပြီး အမျိုးသမီးများ ကိုယ်တိုင် အသုံးပြုတတ်စေရန် ကျန်းမာရေးဝန်ထမ်းများက လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)က သတင်းထုတ်ပြန်သည်။



ပထမအဆင့်အနေဖြင့် မြို့နယ် ၆၀ မှ သားဖွားဆရာမ အယောက် ၃၀၀၀ ကို အဆိုပါသန္ဓေတားဆေးအသုံးပြုနည်းကို သင်တန်းပေးသွားမည်ဖြစ်ကာ သန္ဓေတားဆေးအသုံးပြုမည့် အမျိုးသမီးများအတွက် လိုအပ်သည့် အကူအညီများပေးနိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်မည်ဖြစ်သည်။

အဆိုပါစီမံချက်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၁၇-၁၈ခုနှစ်အတွင်း အမျိုးသမီး နှစ်သိန်းကျော်ကို လွှမ်းခြုံပေးနိုင်ရန် ရည်မှန်းထားသည်ဟု UNFPA ကထုတ်ပြန်ထားသည်။

စီမံချက်အတွက် အမေရိကန်ဒေါ်လာတစ်သန်းကျော် ကူညီထောက်ပံ့သွားမည်ဖြစ်ကာ သန္ဓေတားဆေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သင်တန်းရယူထားသည့် ရပ်ရွာအခြေစိုက် အရန်သားဖွားဆရာများမှတဆင့် အခမဲ့ရရှိနိုင်ရန် စီစဉ်ထားပြီး အစိုးရက ထိန်းချုပ်မထားသောဒေသများရှိ အမျိုးသမီးများနှင့် အိုးအိမ်စွန့်ခွာလာရသော အမျိုးသမီးများအတွက် လက်လှမ်းမီနိုင်ရန် ဒေသခံကျန်းမာရေးအဖွဲ့အစည်းများ ၊ Marie Stopes International ၊ Population Services International စသည့် အဖွဲ့အစည်းများနှင့် အခြားသောအစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

အရေပြားအောက် ထိုးသွင်းအသုံးပြုသည့် အဆိုပါသန္ဓေတားဆေးသည် သုံးလခံတားဆေးဖြစ်ပြီး အမှန်တကယ်လိုအပ်နေသော ဝေးလံခေါင်ဖျားဒေသနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများတွင် နေထိုင်သောအမျိုးသမီးများ၊ ချင်း ၊ ကချင်၊ မွန် ၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့ရှိ အိုးအိမ်စွန့်ခွာရှောင်တိမ်းနေထိုင်ကြသည့် အမျိုးသမီးများလက်လှမ်းမီ ရရှိစေရန်ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း UNFPA ကထုတ်ပြန်သည်။

အဆိုပါအရေပြားအောက်ထိုးသွင်းရသည့် သန္ဓေတားနည်းလမ်းသည် အမျိုးသမီးများကိုယ်တိုင်မိမိအိမ်တွင်ပင် လက်မောင်း သို့မဟုတ် ပေါင်အရှေ့ဘက် သို့မဟုတ် ဝမ်းပိုက်အတွင်းထိုးသွင်းကာ အသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါသန္ဓေတားခြင်းနည်းလမ်းဖြင့် ဆန္ဒမရှိဘဲ ကိုယ်ဝန်ဆောင်ရခြင်းကိုရှောင်ရှားစေနိုင်ခြင်း ၊ မိမိလိုချင်သည့်အချိန်တွင် ရင်သွေးရယူစေနိုင်ခြင်းအားဖြင့် မြန်မာနိုင်ငံမိသားစုစီမံကိန်းကို တဖက်တလမ်းမှ အထောက်အကူပြုရန် ရည်ရွယ်သည်ဟု ဆိုသည်။

Link: [http://www.mmtimes.com/index.php/national-news/yangon/26587-new-diy-contraceptive-now-available-in-myanmar.html](http://www.mmtimes.com/index.php/national-news/yangon/26587-new-diy-contraceptive-now-available-in-myanmar.html)

## ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန်အတွက် ဦးစားပေးလုပ်ဆောင်မည့် အခန်းကဏ္ဍ(၁၀)ခုအား မြန်မာမှ ကြေငြာ

Xinhua Net, 28 June 2017

မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းရှင်များမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အတွက် ဦးစားပေးဆောင်ရွက်မည့် ကဏ္ဍ(၁၀)ခုအား ထုတ်ပြန်ကြေငြာခဲ့ကြောင်းကို Myanmar News Agency မှ ဗုဒ္ဓဟူးနေ့တွင် ဖော်ပြခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အတွက် ဦးစားပေးကဏ္ဍ(၁၀)ခုမှာ စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ငါးဖမ်းလုပ်ငန်း ၊ ပို့ကုန်မြှင့်တင်ခြင်း ၊ သွင်းကုန်အစားထိုးခြင်း ၊ လျှပ်စစ် ၊ စီမံခန့်ခွဲခြင်း ၊ ပညာရေး ၊ ကျန်းမာရေးစောင့်ရှောက်မှု ၊ တန်ဖိုးနည်းအိမ်ရာဆောက်လုပ်ခြင်းနှင့် စက်မှုဇုန်များတည်ထောင်ခြင်းစသည်တို့ဖြစ်ကြောင်း MIC ၏ကြေငြာချက်ထဲတွင်ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်တရပ်ကို ယမန်နှစ် အောက်တိုဘာလ၌ လွှတ်တော်မှ ပြဌာန်းခဲ့ပြီး အစိုးရမှ ယခုနှစ် မတ်လတွင် ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများကို အတည်ပြုပေးခဲ့ပြီး နိုင်ငံတွင်း စီးပွားရေးလုပ်ဆောင်မှုများတွင် ပိုမိုလွယ်ကူချောမွေ့စေရန် ရည်ရွယ်သည်။

စည်းမျဉ်းစည်းကမ်းများတွင် အခန်း(၂၃၈)ခန်းပါဝင်ပြီး မြေယာအသုံးချမှု ၊ အခွန်လျှော့ပေါ့ပေးခြင်း ၊ စီရင်ဆုံးဖြတ်ခြင်းနှင့် ငွေကြေးအရောင်းအဝယ် စသည်တို့ပါဝင်သည်။

တရားဝင်စာရင်းဇယားများအရ မြန်မာနိုင်ငံ၌ ၁၉၉၈ နှောင်းပိုင်းမှ ယခုနှစ်မတ်လနောက်ပိုင်းအထိ စီမံကိန်း(၁၂၄၆)ခုတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံငွေစုစုပေါင်း ယူအက်စ်ဒေါ်လာ (၇၀.၃၅)ဘီလီယံ ရှိပြီး မြန်မာနိုင်ငံသားပြည်တွင်းလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံငွေသည် အထက်တွင်ဖော်ပြထားသော နှစ်အတိုင်းပင် မြန်မာကျပ်(၁၃.၁၉၁)ထရီလီယံ (ယူအက်စ်ဒေါ်လာ ၉.၆၉ဘီလီယံ)ရှိသည်။

နိုင်ငံသည် ဧပြီလမှစတင်ကာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၌ နှစ်စဉ်နိုင်ငံခြားရင်းနှီးမြှုပ်နှံငွေ ယူအက်စ်ဒေါ်လာ ၆ ဘီလီယံကျော်ရရှိရန် မျှော်မှန်းထားသည်။

Link: http://news.xinhuanet.com/english/2017-06/28/c_136400678.htm

## ဧရာဝတီတိုင်းရှိ ကျေးရွာ(၅၂)ရွာအား ပုဂ္ဂလိကလျှပ်စစ်ထုတ်လုပ်သူများမှ လျှပ်စစ်မီးပေးမည်

Myanmar Times, 4 July2017



ပုဂ္ဂလိကလျှပ်စစ်ထုတ်လုပ်သူများအတွက် ပင်မနိုင်ငံတော်ဓာတ်အားလိုင်းနှင့်ချိတ်ဆက်ထားခြင်းမရှိသည့် ဧရာဝတိုင်းဒေသကြီးရှိ ကျေးရွာ ၅၂ ရွာကို လျှပ်စစ်မီးပေးရန် အစီအစဉ် စတင်နေပြီဖြစ်ကြောင်း ဒေသကြီးလျှပ်စစ်၊ စက်မှုလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဦးမင်းဌေးကပြောကြားခဲ့သည်။

ယခုတွင် အိမ်ထောင်စုများနှင့်စက်မှုလုပ်ငန်းများ၏လျှပ်စစ်မီးလိုအပ်မှု၌ ဧရာဝတီတိုင်းဒေသကြီး၏လက်ရှိလျှပ်စစ်မီးပေးနိုင်မှုသည် ၁၇ ရာခိုင်နှုန်းသာပေးနိုင်သေးသည်။ နိုင်ငံတော်လျှပ်စစ်ဓာတ်အားပင်မလိုင်းနှင့်ချိတ်ဆက်မထားသည့်ကျေးရွာများလည်းရှိသေးသည်။

ဒေသကြီးအစိုးရသည် ပုဂ္ဂလိကလျှပ်စစ်ထုတ်လုပ်သူများမှ လျှပ်စစ်မီးပေးရန်အတွက် မြို့နယ်(၂၂)မြို့နယ်အား ရွေးချယ်မည်ဖြစ်သည်။

" ဒေသကြီးအစိုးရက ဧရာဝတီတိုင်း မြို့နယ်(၂၆)မြို့နယ်မှာရှိတဲ့ ကျေးရွာစု(၃)ရွာက (၅၂)ရွာကို ရွေးချယ်ထားပါတယ်။ တကယ်လို့ IPP စနစ်ကနေတဆင့် လျှပ်စစ်မီးကို ၂ နှစ်၊ ၅ နှစ် ဒါမှမဟုတ် ၁၀ နှစ်အတွင်းထုတ်လုပ်နိုင်မယ်ဆိုရင်တော့ ကျေးရွာ ၅၂ ရွာသာမက ဒီဒေသမှာရှိတဲ့ အခြား အသေးစားအလတ်စားစက်မှုလုပ်ငန်းများနဲ့အခြားစီးပွားရေးလုပ်ငန်းများကိုပါ လျှပ်စစ်မီးပေးနိုင်မှာဖြစ်ပါတယ်" ဟု ဦးဝင်းဌေးကပြောခဲ့သည်။

လတ်တလောတွင် အစိုးရသည် ဒေသကြီးရှိ စွမ်းအင်ကဏ္ဍတွင် လျှပ်စစ်ကုမ္ပဏီများနှင့်စာချုပ်ချုပ်ဆိုမှုမရှိသေးပေ။ သို့သော်လည်း လျှပ်စစ်ထုတ်လုပ်မှုလေ့လာရာတွင်ပါဝင်သော ကုမ္ပဏီ ၃၈ ရှိသည်။

လက်ရှိအစိုးရလက်ထက်တွင် လျှပ်စစ်ထုတ်လုပ်မှုအတွက် အမျိုးမျိုးသောရွေးချယ်မှုများနှင့်ပတ်သတ်၍ အစိုးရထံချဉ်းကပ်လာသည့် ပြည်တွင်းပြည်ပကုမ္ပဏီ အများအပြားရှိသည်။ သို့သော်လည်း အစိုးရသည် မည်သည့်စီမံကိန်းကိုမှ အတည်မပြုသေးပေ။

Link: http://www.mmtimes.com/index.php/business/26667-independent-power-producer-to-light-up-52-villages-in-ayeyarwaddy.html

## ကရင်ပြည်နယ် ၅ မြို့နယ်အတွင်း အိမ်ထောင်စု တစ်သောင်းကျော်အား ဆိုလာပြားစနစ် တပ်ဆင်ပေး

Burma News International, 10 July 2017



ကမ္ဘာ့ဘဏ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး တမျိုးသားလုံးလျှပ်စစ်မီးလင်းရေးစီမံချက် (NEP) မှ ကရင်ပြည်နယ် ၅ မြို့နယ်အတွင်း လျှပ်စစ်မီးမရှိသည့် အိမ်ထောင်စု ၁၁၄၄၂ စုကို ဆိုလာပြားစနစ်ဖြင့်တပ်ဆင်ပေးနေပြီဟု ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေဦးက ပြောသည်။

ဘားအံ၊ လှိုင်းဘွဲ့ ၊ ကော့ကရိတ် ၊ ကြာအင်းဆိပ်ကြီးနှင့်သံတောင်စသည့်မြို့နယ် ၅ မြို့နယ်ရှိ မဟာဓာတ်လိုင်းနှင့်

၁၀မိုင်အထက်ဝေးသည့် ကျေးလက်ကျေးရွာများကို အဓိကထား တပ်ဆင်ဆောင်ရွက်ပေးခြင်းဖြစ်သည်ဟု ညွှန်ကြားရေးမှူးဦးနေတိုးက ပြောသည်။

ထိုသို့ဆိုလာပြားများတပ်ဆင်ပေးရာတွင် လူနေအိမ်များအပြင် ကျေးလက်ဒေသအတွင်း ဘာသာရေးကျောင်းနှင့် ပညာရေး၊ ကျန်းမာရေး နေရာများတွင်လည်း အခမဲ့တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပြီး သြဂုတ်လအတွင်း အပြီးတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

NEP စီမံချက်ကို မွန်၊ ကရင်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများအား ဆိုလာပြားစနစ်ဖြင့် တင်ဒါအောင်မြင်ထားသည့် ICTS ကုမ္ပဏီမှ ဆောင်ရွက်ပေးခြင်းဖြစ်သည်။ အာမခံစနစ်ဖြင့် ဆိုလာပြားချပ်အမျိုးအစား(၃)မျိုးခွဲခြားထားပြီး ပစ္စည်းတန်ဖိုးပေါ်မူတည်ကာ တန်ဖိုးကျပ် ၃ သိန်းပစ္စည်းကို ကျပ် ၁ သောင်း ၉ ထောင် ၊ ကျပ် ၃ သိန်း ၈ သောင်းပစ္စည်းကို ကျပ် ၃ သောင်းနှင့် ကျပ် ၄သိန်း ၁ သောင်းပစ္စည်းကို ကျပ် ၄ သောင်း ၅ ထောင်ကျပ်စသည်ဖြင့် အရစ်ကျငွေပေးချေစနစ်ဖြင့် ဆောင်ရွက်ပေးသည်ဟု တာဝန်ရှိသူထံမှ သိရသည်။

ကရင်ပြည်နယ် လျှပ်စစ်မီးရရှိရေးအတွက် ဘားအံမြို့နယ် ဝတ်ကြီးကျေးရွာတွင် ကျောက်မီးသွေးစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ကြိုးပမ်းလုပ်ဆောင်မှုများရှိနေပြီး လက်ရှိပြည်နယ်အစိုးရက လျှပ်စစ်မီးလင်းရေးစီမံချက်(NEP)အနေဖြင့် မဟာဓာတ်အားလိုင်းနှင့် (၁၀)မိုင်ကျော်ရှိသည့် ကျေးရွာများကို ဆိုလာပြားစနစ်ဖြင့် လျှပ်စစ်မီးရရှိရန် ကမ္ဘာ့ဘဏ်ထောက်ပံ့ငွေဖြင့် ပြီးခဲ့သည့် ၂၀၁၄ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့သည်ဟု သိရသည်။

Link: http://www.bnionline.net/news/karen-state/item/3230-solar-panels-light-up-thousands-of-homes-in-kayin-state.html

## မွန်ပြည်နယ်ရှိ ပညာရေးဆိုင်ရာအဆောက်အအုံများအတွက် အစိုးရမှ ငွေကျပ်(၅.၆)ဘီလီယံမ် အသုံးပြုရန် စီစဉ်

The Global New Light of Myanmar, 12 July 2017

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် မွန်ပြည်နယ်တွင် စာသင်ကျောင်းပိုင်းဆိုင်ရာအဆောက်အအုံစီမံကိန်းများဆောက်လုပ်မှုနှင့်ပတ်သတ်၍ ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ်(၅.၅၉၈)ဘီလီယံမ် အသုံးပြုရန် ပညာရေးဝန်ကြီးဌာနမှ ရည်ရွယ်ထားသည်။

ဘတ်ဂျက်ငွေသည် ၂၀၁၆-၁၇ ပညာသင်နှစ်ထက် (၉၁၇)သန်းပိုမိုများပြားပြီး စာသင်ကျောင်းဖွဲ့စည်းပုံများ၊ ရုံးခန်းများ ၊ ဝန်ထမ်းအိမ်ရာနှင့် ဓာတ်ခွဲခန်းစသည်တို့အပါအဝင် အဆောက်အဦးသစ်ဆောက်လုပ်ရန် စီမံကိန်း(၁၀)ခုရှိကြောင်း ပြည်နယ်ပညာရေးရုံးမှ လက်ထောက်ညွှန်မှူးဒေါ်ချိုချိုအောင်က ပြောကြားခဲ့သည်။ ယခုလက်ရှိ ပညာသင်နှစ်တွင် သင်ကြားနေသော မွန်အမျိုးသားကျောင်းများမှ ကျောင်းသား(၄၃၄၆)ဦးအပါအဝင် အခြေခံပညာမူလတန်းကျောင်းသားနှစ်သိန်းကျော်အတွက် ပုံနှိပ်စာအုပ်ထုတ်ရန်ငွေကျပ်( ၂၀၄)သန်းအကုန်အကျခံခဲ့ကြောင်း သူမမှ ထပ်ပေါင်းပြောကြားခဲ့သည်။

လက်ရှိတွင် မွန်ပြည်နယ်၌ ပညာရေးဝန်ထမ်း(၁၄၀၄၃)ဦးရှိပြီး အခြေခံပညာစာသင်ကျောင်းများတွင် ကျောင်းသား ၄ သိန်းကျော်ရှိပြီး မွန်အမျိုးသားကျောင်းများတွင် (၁၃၂)ဦး တက်ရောက် ပညာသင်ကြားလျှက်ရှိသည်။

ယခုပညာသင်နှစ်တွင် စာသင်ကျောင်း(၇၀)နီးပါးအား အထက်တန်းကျောင်းအဆင့်သို့ ပြောင်းလဲပေးနိုင်ခဲ့သည်။

Link: https://issuu.com/myanmarnewspaper/docs/12_july_17_gnlm

## မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဖွဲ့စည်း

Mon News Agency, 15 July 2017




မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီကို ဇူလိုင်လ(၇)ရက်နေ့က စတင်ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံးမှ သိရသည်။

အဖွဲ့ဝင်(၇)ဦးဖြင့် ဖွဲ့စည်းထားသည့် အဆိုပါရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌအဖြစ် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားရေးမှူးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးမြင့်လွင်က အတွင်းရေးမှူးအဖြစ် တာဝန်ယူထားသည်။

မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုအတွက် နည်းဥပဒေ လုပ်ထုံးလုပ်နည်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရေးဆွဲထားပြီး ဆက်လက်အကောင်အထည်ဖော်နိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပသွားမည်ဟု ဆိုသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် တန်ဖိုးငွေဒေါ်လာ ၅ သန်း( မြန်မာငွေသန်း ၆၀၀၀ ခန့် )အောက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို နေပြည်တော်သို့ ခွင့်ပြုချက်တင်စရာမလိုဘဲ ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး ၎င်းတန်ဖိုးနှင့်အထက် လုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီးအဆင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်မှုကော်မရှင်(ဗဟို)ထံက အဆုံးအဖြတ်ပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် Myanmar Investment Commission-MIC ၏ ကြေငြာချက်အမှတ် ၁၁/ ၂၀၁၇ အရ တိုင်းနဲ့ ပြည်နယ်အားလုံးတွင် ရင်းနှီးမြှုပ်နှံမှုကော်မတီများ ဖွဲ့စည်းသွားမည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဥက္ကဌ ၊ သက်ဆိုင်ရာ MIC တိုင်းနှင့်ပြည်နယ် ညွှန်ကြားရေးမှူးများက အတွင်းရေးမှူးနှင့် အစိုးရအဖွဲ့ဝင် ၅ ဦးတို့ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

Link: https://www.bnionline.net/news/mon-state/item/3253-mon-state-establishes-investment-committee.html

## မွန်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထောက်ပံ့ရေးစခန်းတည်ဆောက်မည်

Mizzima , 13 July 2017

မွန်ပြည်နယ်၊ မုဒုံနှင့် ရေးမြို့နယ်ရှိ ပင်လယ်ကမ်းစပ်အနီးတဝိုက်ကျေးရွာတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ အခြေစိုက် ထောက်ပံ့ရေးစခန်း ၂ ခု တည်ဆောက်ရန် ဆွေးနွေးနေပြီဖြစ်ကြောင်း မွန်ပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာနမှ သတင်းရရှိသည်။

အဆိုပါ အခြေစိုက်စခန်းကို မုဒုံမြို့နယ်၊ ဝဲကလိနှင့်ကမာအုပ်ကျေးရွာ၌ တစ်နေရာနှင့် ရေးမြို့နယ်ကော့ဒွတ်ကျေးရွာတွင် တစ်နေရာ စုစုပေါင်း ၂ နေရာ တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဇူလိုင်လ ၁၁ ရက်နေ့က နေပြည်တော်တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (၁၀/၂၀၁၇) အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး Myanmar Offshore Supply Base Limited (MOSB) အခြေစိုက်စခန်းမှ ကမ်းလွန်ရေနံ လုပ်ငန်းများသို့ ဒီဇယ်အပါအဝင် လုပ်ငန်းသုံးပစ္စည်းများကို ဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

"ရေနက်တဲ့နေရာက နှစ်နေရာလောက်ရှိတယ်။ ဝဲကလိထက်စာရင် ကော့ဒွတ်မှာက ပိုပြီးတော့ရေနက်ပါတယ်။ ရေနက်တဲ့အခါကျတော့ တန်ချိန်မြင့်တဲ့သင်္ဘောတွေ ဆိုက်နိုင်မှာပါ။" ဟု မွန်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းက ပြောသည်။

ယင်းသို့ ဆောက်လုပ်ခြင်းအားဖြင့် ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံ စသည့် မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်ရာတွင် အချိန်ကုန်သက်သာ၍ လွယ်ကူလျင်မြန်စွာ ခရီးရောက်နိုင်မှာဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်များလာမည်ဖြစ်ကြောင်း လုပ်ငန်းရှင်တချို့က သုံးသပ်သည်။

Link: http://www.mizzima.com/business-domestic/offshore-supply-base-receives-mic-approval

# တရားဥပဒေနှင့်အုပ်ချုပ်မှု

## နိုင်ငံ့ဝန်ထမ်းများပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံကိန်း

Frontier Myanmar, 11 July 2017



နိုင်ငံ့ဝန်ထမ်းများအနက် အဆင့်မြင့်ရာထူးရာခံရှိသူများ၏ပိုင်ဆိုင်မှုများကို ထုတ်ဖော်ကြေငြာပေးရမည့်အချက်ပါဝင်သည့် မြန်မာနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံကိန်းကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ယခုလ(၁၀)ရက်တွင် အခမ်းအနားဖြင့် တရားဝင်ကြေငြာသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပြီး မိန့်ခွန်းတွင်လည်း ထိုအချက်ကို ထည့်သွင်းပြောကြားသွားခဲ့သည်။

"အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ဝန်ထမ်းကျင့်ဝတ်တောင့်တင်းခိုင်မာရေး ၊ ကိုယ်ကျင့်တရားကောင်းမွန်ရေးနှင့် လေ့ကျင့်သင်ကြားမှုများပေးရေး ၊ တိုင်ကြားရေးနှင့် ဖော်ထုတ်ရေးဆိုင်ရာထိရောက်မှုရှိဖို့ ၊ အဆင့်မြင့်ရာထူးရာခံရှိသူတွေရဲ့ ပိုင်ဆိုင်မှုတွေကို ဖော်ထုတ်ကြေညာပေးဖို့ ၊ နည်းပညာအသစ်တွေနဲ့ ပံ့ပိုးဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားမှု အခွင့်အလမ်းကို နည်းပါးအောင်ဆောင်ရွက်ဖို့စတဲ့ အစီအစဉ်တွေလည်း ထည့်သွင်းဆောင်ရွက်ထားပါတယ်" ဟု ပြောကြားခဲ့သည်။

အစိုးရသစ်သည် ရွေးကောက်ပွဲ ကတိအတိုင်း အဂတိကင်းသော အစိုးရတရပ်ဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျှက်ရှိသော်လည်း အဆိုပါကိစ္စသည် ပြဿနာတစ်ခုအဖြစ်တည်ရှိနေသေးကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

" နိုင်ငံ့ဝန်ထမ်းတွေရဲ့ ၅၆ ရာခိုင်နှုန်းက သူတို့ရဲ့လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းအချို့ဟာ ဆောင်ရွက်ပေးရတဲ့ဝန်ဆောင်မှုတွေအတွက် အပိုကြေးငွေတောင်းခံမှုတွေရှိတယ်လို့ဆိုပါတယ် " ဟု ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ဌာနေညွှန်ကြားရေးမှူး Mr. Peter Batchelor က အဆိုပါအခမ်းအနားတွင် ပြောကြားခဲ့သည်။

Link: http://frontiermyanmar.net/en/reform-coming-to-civil-service-aung-san-suu-kyi

# ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး

## ပထမဦးဆုံးအကြိမ် ကရင်အမျိုးသားရဲတပ်ဖွဲ့နေ့ကို ကျင်းပသွားမည်

Karen News, 6 July 2017

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး လက်အောက်ခံ ကရင်အမျိုးသားရဲတပ်ဖွဲ့နေ့ကို ပထမဦးဆုံးအကြိမ်အဖြစ် လာမည့် စက်တင်ဘာလ(၉)ရက်နေ့တွင် ဗဟိုအဆင့်အနေဖြင့် ကျင်းပသွားမည်ဟု ကေအဲန်ယူပြည်ထဲရေးနှင့်သာသနာရေးဌာနတာဝန်ခံ ပဒိုစောအားတိုးက ပြောကြားခဲ့သည်။



“ကျွန်တော်တို့ အမျိုးသားရဲတပ်ဖွဲ့(KNPF)က အနှစ်၂၀ လောက် လှုပ်ရှားဆောင်ရွက်လာပေမယ့် လူတွေသိပ်မသိဘူး။ အခုဆိုတဖြည်းဖြည်းနဲ့ပေါ်လွင်လာပြီဖြစ်တယ် ”ဟု ၎င်းက ပြောခဲ့သည်။

“ကျွန်တော်တို့ ရဲတပ်ဖွဲ့ရဲ့ ကိုယ်ကျင့်သိက္ခာတွေ၊ ရှေ့လုပ်ငန်းစဉ်တွေကို လူထုက သိရှိနိုင်ဖို့အတွက် ကျင်းပသွားဖို့စီစဉ်နေခြင်းဖြစ်တယ်။ ကျင်းပမယ့်နေရာကတော့ မသတ်မှတ်ရသေးဘူး” ဟု ပြောသည်။

ဇွန်လ(၂၈ မှ ၃၀)ရက်အတွင်း ပြုလုပ်ခဲ့သည့် ပထမဦးဆုံးအကြိမ်ဗဟိုကော်မတီအစည်းအဝေးအတွင်း ကရင်အမျိုးသားရဲတပ်ဖွဲ့နေ့ကို ကျင်းပသွားရန်ဌာနမှ ဆွေးနွေးခဲ့သည်။

နှစ်ရက်တာပြုလုပ်ခဲ့သည့် ၎င်းအစည်းအဝေးတွင် ၁၅ကြိမ်မြောက်ကွန်ဂရက်အပြီးချမှတ်ခဲ့သည့် KNPF ၏ လုပ်ငန်း စဉ်အကောင်အထည်ဖော်မှုများ၏ လုပ်ဆောင်ချက်များ၊ အားနည်းချက်၊အားသာချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြပြီး ကရင်အမျိုးသားရဲတပ်ဖွဲ့နေ့ကို ကျင်းပသွားရန် အပါအဝင် အရည်အသွေးပြည့်မီသည့် အမျိုးသားရဲတပ်ဖွဲ့ဖြစ်လာရန် ဗဟိုအဆင့်၊ ခရိုင်အဆင့် ရဲလုပ်ငန်းစဉ်သင်တန်းများ၊ ဥပဒေပိုင်းဆိုင်ရာ တတ်ကျွမ်းနားလည်မှုသင်တန်းများ ပြုလုပ်သွားရန်စသည့် ရှေ့ဆက်လုပ်ငန်းစဉ်များကို ချမှတ်ခဲ့သည်ဟု KNPF ကဆိုသည်။

KNPF ကို KNU ၏ ၁၀ ကြိမ်မြောက် ကွန်ဂရက်ပြုလုပ်ချိန်အတွင်း ၁၉၉၁ ခုနှစ် ၊ စက်တင်ဘာလ ၉ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။

Link: http://karennews.org/2017/07/first-karen-national-police-force-day-to-be-held-this-year.html/

## UNFC မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၄)ဖွဲ့ နှုတ်ထွက်

The Irrawaddy, 3 July 2017

ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ကျင်းပသော ကောင်စီညီလာခံ၌ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၄)ဖွဲ့ နှုတ်ထွက်သွားခဲ့သည်။



ကချင်လွတ်မြောက်ရေးအဖွဲ့(KIO) ၊ ပလောင်(တအောင်း)အမျိုးသားလွတ်မြောက်ရေးတပ်(TNLA)၊ မြန်မာနိုင်ငံအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်(MNDAA) နှင့် ဝ အမျိုးသားအဖွဲ့ (WNO)တို့၏ နှုတ်ထွက်ခြင်းကို UNFC မှ လက်ခံခဲ့ကြောင်း UNFC ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ခွန်ဦးရယ်ကပြောခဲ့သည်။

နှုတ်ထွက်သွားသော အဖွဲ့ ၄ ဖွဲ့အနေဖြင့် လိုအပ်လာပါက UNFC အား အကူအညီများပေးသွားမည်ဖြစ်သလို နောင်ပြုလုပ်မည့် ညီလာခံတွင်လည်း လေ့လာသူအဖြစ်ပါဝင်သွားမည်ဖြစ်ကြောင်း UNFC ညီလာခံ ဒုတိယနေ့ဖြစ်သည့် နောက်ဆုံးနေ့ ဇွန်လ (၂၉)ရက်နေ့တွင် ခွန်ဦးရယ်က သတင်းထောက်များကို ပြောခဲ့သည်။

ဧပြီလတွင် စည်းလုံးညီညွတ်သော ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်(UWSA) ၏ ဦးဆောင်မှုဖြင့် မြောက်ပိုင်းမဟာမိတ်ဖွဲ့ဖြစ်သော ဖက်ဒရယ်နိုင်ငံရေးဆိုင်ရာညှိနှိုင်းရေးနှင့် အကြံပေးသုံးသပ်ရေးကော်မတီ(FPNCC)တရပ်ကို KIO ၊ TNLA နှင့်MNDAA တို့က ဖွဲ့စည်းခဲ့သည်။ UNFC ညီလာခံမတိုင်မီ ဇွန်လတွင် WNO သည် UWSA နှင့်ပူးပေါင်းခဲ့သည်။

နိုင်ငံရေးအခြေအနေကြောင့် အဖွဲ့ ၄ ဖွဲ့မှ နှုတ်ထွက်သွားခြင်းဖြစ်ကြောင်း ဇွန်လ(၂၀)ရက်နေ့တွင်ပြုလုပ်သည့် ညီလာခံဖွင့်ပွဲတွင် KIO ဒုတိယဥက္ကဌဗိုလ်ချုပ်ကြီး အန်ဘန်လ က ပြောကြားခဲ့ခြင်းဖြစ်သည်။

"ပြည်တွင်းအခြေအနေတွေနဲ့ တပ်မတော်ရဲ့ဖိအားပေးမှုတွေနဲ့ နစ်ဖက်အတွင်း စည်းကမ်းဆိုင်ရာသဘောမတူညီမှုတွေက မြောက်ပိုင်းအဖွဲ့တွေကို အတူတကွပေါင်းစည်းသွားဖို့ တွန်းအားပေးနေပါ  တယ်။ ဒါကြောင့် ကျွန်တော်တို့ UNFC က နှုတ်ထွက်ဖို့လိုပါတယ်" ဟု ၎င်းက ညီလာခံတွင်ပြောကြားခဲ့သည်။

ညီလာခံအတွင်း UNFC ဥက္ကဌအဖြစ်ရွေးချယ်ခံရသည့် NMSP မှ နိုင်ဟောင်ဆောင်က ကောင်စီအနေနှင့် အပစ်ရပ်သဘောတူစာချုပ်အပေါ်အခြေခံ၍ အစိုးရနှင့် ဆက်လက်ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

Link: https://www.irrawaddy.com/news/four-ethnic-armed-groups-leave-unfc.html

## KNLA တပ်မတော်သားများ နိုးနိုးကြားကြားရှိရန် ခေါင်းဆောင်မှ တိုက်တွန်းပြောကြား

Burma News International, 6 July 2017



အပစ်ရပ်ကာလအတောအတွင်း ထွက်ပေါ်နေသည့် ငြိမ်းချမ်းရေးဖြစ်စဥ်ရလဒ်များကို သုံးသပ်ပြီး အဆုံးသတ်ရလဒ်များ မသေချာသေးသည့်အပေါ် ကော်သူးလေတပ်မတော်သားများအနေဖြင့် နိုးနိုးကြားကြားရှိနေရန် ဇူလိုင်လ (၅)ရက်နေ့တွင် ကျရောက်သည့် ၆၈ နှစ်မြောက် ကော်သူးလေတပ်မတော်နေ့တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-KNLA ဒုစစ်ဦးစီးချုပ်ဖြစ်သူ ဒုဗိုလ်ချုပ်ကြီး စောဘောကျော်ဟဲက တိုက်တွန်းပြောဆိုလိုက်သည်။

"အပစ်ရပ်စဲတယ်ဆိုတာ နိုင်ငံရေးကစားတာပါပဲ ၊ စားပွဲခုံပေါ်ကတိုက်ပွဲတခုပဲ။ ဘယ်အချိန်အဆုံးသတ်မလဲ၊ အဆုံးသတ်မှာ ဘာစိန်ခေါ်မှုတွေရှိမလဲ။ အခုဆို လေးနှစ် ငါးနှစ်လောက် ပြောဆိုဆွေးနွေးခဲ့ပေမယ့် နိုင်ငံရေးရလဒ် ဘာတခုမှ သေသေချာချာ မဖြစ်ထွန်းသေးဘူး။ ဒါကြောင့် တပ်မတော်သားများအနေနဲ့ သတိရှိပါ။ အမြဲနိုးကြားနေပါ" ဟု ကေအဲန်ယူနယ်မြေ၊ သေဘော့ထာ့စခန်းတွင်ပြုလုပ်သည့် ကော်သူးလေတပ်မတော်နေ့ အခမ်းအနားတွင် ဒုဗိုလ်ချုပ်ကြီးစောဘောကျော်ဟဲက ပြောကြားခဲ့ခြင်းဖြစ်သည်။

ကရင်အဖွဲ့များအားလုံး မိမိအမျိုးသားတရပ်လုံး၏ လုံခြုံရေးအတွက် ပူးပေါင်းလုပ်ဆောင်သွားရန် တာဝန်ကိုယ်စီရှိကြသည်ဟုလည်း ဆက်လက်ပြောကြားခဲ့သည်။

ထိုနေ့ပြုလုပ်သည့် ကော်သူးလေတပ်မတော်နေ့အခမ်းအနားတွင် KNLA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောဂျော်နီ မိန့်ခွန်းပြောကြားခဲ့ပြီး အပစ်ရပ်ကာလအဆင့်သာရှိနေသေးပြီး ငြိမ်းချမ်းရေးလုံးဝရရှိနေခြင်းမဟုတ်သေးကြောင်း ၊ လတ်တလောတွင် ကြိုးစားနေဆဲအခြေအနေသာ ရှိနေသေးသောကြောင့် တပ်မတော်သားများအနေဖြင့် သတိလက်လွတ်မနေဘဲ နိုးနိုးကြားကြားရှိနေရန် တိုက်တွန်းထားသည်။

Link: http://www.bnionline.net/news/karen-state/item/3221-knla-leaders-warn-soldiers-to-remain-cautious-of-the-ceasefire.html

## နယ်မြေအငြင်းပွားမှုဆိုင်ရာ တိုင်ကြားစာအများဆုံးရရှိဟု JMC ဆို

The Irrawaddy, 6 July 2017

ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC က ၎င်းထံသို့ ရောက်ရှိလာသော တိုင်ကြားစာများအနက် ၇၀ ရာခိုင်နှုန်းနီးပါးသည် နယ်မြေအငြင်းပွားမှုများဖြစ်ပြီး ၎င်းတို့ကို မကြာမီ စိစစ်အတည်ပြုရေးအဖွဲ့များ သွားရောက် အကဲဖြတ်မည်ဟုဆိုသည်။

"ဒီနယ်မြေသတ်မှတ်ရေးမှာ အဓိပ္ပာယ် သတ်မှတ်မှု မတူတာတွေ ရှိတယ်။ ဒီတိုင်တန်းမှုတွေကို ဘယ်လို ကိုင်တွယ် ရမလဲဆိုတာ အဓိက လုပ်နေရပါတယ်" ဟု ဒေါက်တာ ရွှေခါးရ်က ဆက်ပြောသည်။

နယ်နိမိတ်သတ်မှတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ဆက်လက် လုပ်ဆောင်ရန် ရှိသည်ဟု JMC က ဆိုသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က ၎င်းတို့၏ အစိုးရနှင့် နှစ်ဘက် အပစ်ခတ်ရပ်စဲရေး သဘောတူချက်များတွင် နယ်မြေ သတ်မှတ်ရေးနှင့် ပတ်သက်သည့် အချက်များကို အသေအချာ သတ်မှတ်ထားကြသော်လည်း အချို့အဖွဲ့များနှင့်မူ ထိုသို့လုပ်ဆောင်ရခြင်း မရှိသေးသဖြင့် နယ်နမိတ်သတ်မှတ်ခြင်းနှင့် ပတ်သက်ပြီး အလုပ်ရုံ ဆွေးနွေးပွဲများ ထပ်မံ ကျင်းပရန်လိုအပ်ခြင်း ဖြစ်သည်ဟု ဆိုသည်။

JMC ၏လုပ်ငန်းတာဝန်များတွင် တနိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးသဘောတူစာချုပ် NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့များ၏ အပစ်အခတ်ရပ်စဲရေး ဆိုင်ရာ အကောင်အထည်ဖော်မှုကို ကြီးကြပ်စောင့်ကြည့်ရန် ပါဝင်သည်။

JMC သည် ၎င်း၏ ၁၁ ကြိမ်မြောက် ပုံမှန် အစည်းအဝေးကို ဇူလိုင်လ ၃ ရက်မှ ၅ ရက်အထိ ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးစင်တာရုံးတွင် ကျင်းပခဲ့သည်။ ထိုအစည်းအဝေးသည် အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်မှု စောင့်ကြည့်ခြင်း၊ တိုင်ကြားစာများ မှန်ကန်မှုရှိ၊ မရှိ စိစစ် အတည်ပြုရေး လုပ်ငန်းစဉ်များ၊ အပစ်အခတ်ရပ်စဲရေး ကြီးကြပ်ရာတွင် ဒေသခံအရပ်သားများ ပါဝင်ခွင့်ရရေးနှင့် လုပ်ထုံး လုပ်နည်း (SOP) ပြုစု ရေးဆွဲရေးများကို အဓိကထား၍ ဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

JMC တွင် ကွန်ပျူတာစနစ်သုံး တိုင်ကြားစာ စီမံခန့်ခွဲရေး စနစ်တခု ပြုလုပ်မည်ဟု ဆိုသည်။ စာဖြင့်ရေးသား တိုင်ကြားခြင်းထက် နှုတ်ဖြင့် တိုင်ကြားမှုများကို ပိုမိုရရှိနေသောကြောင့် ပိုမို စနစ်ကျစေရန် ဖြစ်သည်။

JMC သည် ယခင် မြန်မာငြိမ်းချမ်းရေးစင်တာမှ ဦးအောင်နိုင်ဦးကို JMC နည်းပညာအထောက်အကူပြုအဖွဲ့၏ အမှုဆောင် ဒါရိုက်တာသစ် အဖြစ်ခန့်အပ်ခြင်းကိုလည်း အတည်ပြုခဲ့သည်။ လက်ရှိတာဝန် ထမ်းဆောင်နေသူ ဒေါက်တာမင်ဇော်ဦးသည် ဇူလိုင်လကုန်တွင် ၎င်းတာဝန်မှ ရပ်နားမည်ဖြစ်သည်။

Link: https://www.irrawaddy.com/news/burma/majority-joint-ceasefire-monitoring-committee-complaints-territorial-disputes.html

## ငြိမ်းချမ်းရေးပူးပေါင်းဆောင်ရွက်ရန် DPN နှင့် PPWT ဆွေးနွေး

Burma News International, 14 July 2017

NCA အပစ်ရပ်(၈)ဖွဲ့၏ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ ငြိမ်းချမ်းရေးအဖွဲ့ (PPWT) ကိုယ်စားလှယ်ခေါင်းဆောင်များနှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC)၏ နိုင်ငံရေးဆိုင်ရာဆွေးနွေးညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ DPN မှ ခေါင်းဆောင်များသည် ငြိမ်းချမ်းရေးရှေ့လုပ်ငန်းစဉ်များ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရန် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ယနေ့အစည်းအဝေး ကျင်းပခဲ့သည်။




အစည်းအဝေးမှာ DPN အဖွဲ့အနေနဲ့ အချက် ၇ ချက်အပေါ်တွင် အဓိကထားပြီး နှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားနိုင်ဖို့ ဆွေးနွေးသွားမှာဖြစ်ကြောင်း အစည်းအဝေးကျင်းပရခြင်းနှင့် ပတ်သတ်၍ အဖွင့်မိန့်ခွန်းတွင် DPN အဖွဲ့ခေါင်းဆောင်ခူးဦးရယ်မှ ပြောသည်။

နှစ်ရက်ကြာ ကျင်းပမည့် အစည်းအဝေးတွင် မိုင်ဂျာယန် ဆုံးဖြတ်ချက် အကောင်အထည်ဖော်ရန်ဖြစ်သည့် ပင်လုံလက်စွဲကိစ္စ၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာစာတမ်းများအပါအဝင် မူဘောင်ပြန်လည်သုံးသပ်မှုနှင့်ပတ်သတ်၍ နှစ်ဘက်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်ကိစ္စ ၊ JMC ပူးတွဲစောင့်ကြည့်ရေးကိစ္စ TOR များနှင့် UNFC ၏ အချက် ၈ ချက် ကိစ္စများကို ဆွေးနွေးသွားကြမည်ဟု သိရသည်။

ယခုအစည်းအဝေးမှ ရရှိလာသည့်အချက်များအပေါ်မူတည်၍ ငြိမ်းချမ်းရေးရှေ့လုပ်ငန်းစဉ်အတွက် မဟာဗျူဟာတရပ်ချမှတ်သွားရန်နှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းအားလုံး အပါအဝင် နိုင်ငံရေးပါတီများနှင့် EAOs အစည်းအဝေးတရပ်ခေါ်ယူ ကျင်းပနိုင်ရေးကိစ္စများကိုလည်း ဆွေးနွေးဆုံးဖြတ်သွားကြမည်ဟု သိရသည်။

Link: https://www.bnionline.net/news/network-media-group/item/3248-ethnic-armed-groups-discuss-cooperating-at-chiang-mai-meet.html

# အခြား

## ထိုင်းနိုင်ငံ၏ အလုပ်သမားဥပဒေသစ်အပေါ် နှစ်ဦးနှစ်ဖက်ပါဝင်သည့် ကော်မတီမှ ဆွေးနွေးမည်

Frontier Myanmar, 11 July 2017

မြန်မာနှင့် ထိုင်းနိုင်ငံသည် ထိုင်းနိုင်ငံ၏ ရွှေ့ပြောင်းအလုပ်သမားဥပဒေအသစ်နှင့်ပတ်သတ်၍ ဖြစ်ပေါ်လာသော အလုပ်သမားပြဿနာများကို ဖြေရှင်းပေးရန်အတွက် ကော်မတီတရပ်ဖွဲ့စည်းရန် ထိပ်သီးအဆင့် အစည်းအဝေး၌ သဘောတူညီမှုရရှိခဲ့သည်ဟု ဘန်ကောက်သတင်းစာက ဇူလိုင်လ(၈)ရက်နေ့တွင် ဖော်ပြခဲ့သည်။



ပူးတွဲလုပ်ဆောင်မှုကော်မတီဖွဲ့စည်းမည့်ဆုံးဖြတ်ချက်ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ကြီး ဦးသိန်းဆွေနှင့် ထိုင်းနိုင်ငံမှ ၎င်းနှင့်အဆင့်တူ ဗိုလ်ချုပ်ကြီး Sirichai Distakul က နေပြည်တော်၌ ဇူလိုင်လ ၇ ရက်နေ့တွင် ပြုလုပ်သည့်အစည်းအဝေး၌ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် ရွှေ့ပြောင်းအလုပ်သမားဥပဒေသစ်နှင့်ပတ်သတ်၍ မရှင်းလင်းသည်များကို ဆွေးနွေးခဲ့ကြသည်။

ထိုင်းနိုင်ငံတွင် ခန့်မှန်းခြေအားဖြင့် ရွှေ့ပြောင်းအလုပ်သမား ၄ သန်းရှိသည်၊ အများစုမှာ မြန်မာနိုင်ငံမှဖြစ်ကြပြီး ထက်ဝက်ခန့်မှာ အထောက်အထားစာရင်းသွင်းရာတွင် ကုန်ကျစရိတ်များလွန်းခြင်းကြောင့် တရားမဝင်လုပ်ကိုင်နေသည့် အလုပ်သမားများဖြစ်ကြသည်။

မကြာသေးမီက ရုတ်တရက်ကြေငြာလိုက်သည့် ဥပဒေသစ်တွင် အထောက်အထားမဲ့အလုပ်သမားများ ငှားရမ်းသည့် အလုပ်ရှင်များကိုပါ ဒဏ်ငွေအဖြစ် ထိုင်းဘတ်ငွေ ၈ သိန်း (မြန်မာငွေကျပ် သိန်း ၃၀ ကျော်) ပေးဆောင်ရမည်ဖြစ်သည်။

အလုပ်ရှင်များသည် အထောက်အထားမဲ့ အလုပ်သမားများငှားရမ်းခြင်းကို ရပ်ဆိုင်းလိုက်သောကြောင့် ထိုင်းနိုင်ငံတွင် နိုင်ငံခြားသားအလုပ်သမားပြတ်လပ်မှုဖြစ်ရန် ဦးတည်လျှက်ရှိသည်။

Link: http://frontiermyanmar.net/en/bilateral-committee-to-discuss-thailands-new-employment-rules

## ကရင်နီ ယဉ်ကျေးမှုများ ထိန်းသိမ်းခြင်း

The Irrawaddy, 13 July 2017

အသက် ၅၃ နှစ်အရွယ် ကယန်းတိုင်းရင်းသူ မိုမိသည် "လည်ပင်းရှည် လူသား" ဟု လူသိများသည့် လည်ပင်းကြေးကွင်းပတ်သော ကယန်း ပဒေါင်လူမျိုး အမျိုးသမီး အယောက် ၇၀ ထဲက တစ်ဦးဖြစ်သည်။




ဒီမောဆိုမြို့နယ်အတွင်းမှာရှိသည့် သူမနေထိုင်ရာ ပန်ပက်ရွာနှင့် အနီးဝန်းကျင်ရှိ ရွာတွေ၏ လူနေမှုပုံစံကတော့ မိရိုးဖလာ လူနေမှုပုံစံအတိုင်း နေထိုင်ကြတာဖြစ်ပြီး ဂျုံခုတ်၊ ဗိုင်းငင်ခြင်းနှင့် လက်မှုပစ္စည်းရက်လုပ်ခြင်း၊ ကျွဲ၊ နွား၊ ဝက် မွေးမြူရေး၊ တောင်ယာစိုက်ပျိုးခြင်းများဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြသည်။

လွန်ခဲ့သော ၂ နှစ်က ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများ စတင်ချိန်လောက်တွင် ယင်းကျေးရွာတွေကို ပြင်ပ ဧည့်သည်များ ပိုမိုသိရှိလာကြပါသည်။ တမူထူးခြားသောယဉ်ကျေးမှုတွေ၊ သဘာဝအတိုင်းရှိနေတဲ့ ရှုခင်းတွေနဲ့ ကယားပြည်နယ်က နိုင်ငံခြား ခရီးသွားတွေကိုသာမက ပြည်တွင်းခရီးသွားတွေကိုပါ သွားရောက် လည်ပတ်ဖို့ ဖိတ်ခေါ် နေသလိုပင်။

ယခင်အစိုးရလက်ထက် ၂၀၁၃ ခုနှစ်ကမှ ပြင်ပခရီးသွားတွေကို တရားဝင် လွတ်လပ်စွာ ဝင်ရောက် ခွင့်ပြုခဲ့ချိန်က စလို့ နိုင်ငံခြားခရီးသွား ထောင်ချီရှိလာပြီး ပြည်တွင်း ခရီးသွားလည်ပတ်သူလည်း ပိုများလာသည်ဟု သိရသည်။

လွတ်လပ်စွာ ခရီးသွားခွင့်သည် ကယားပြည်နယ်၏ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တခုဖြစ်သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် အစိုးရတို့အကြား နှစ်ဘက်အပစ်ခတ်ရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့်လည်း ဖြစ်သည်။

**ပျောက်ဆုံးနေတဲ့ ရိုးရာအစဉ်အလာ**

ရွာက သူမ သူငယ်ချင်းတချို့ ထိုင်းကိုထွက်သွားကြပေမယ့် မိမိကတော့ ရွာမှာပဲ နေထိုင်နေသူဖြစ်သည်။ ရွာတွေမှာတော့ အသက်ကြီးပိုင်းတွေကသာ မိရိုးဖလာ နေထိုင်မှုပုံစံကို ဆက်လက်ကျင့်သုံးနေတာ ဖြစ်သည်။

ကယား သို့မဟုတ် ကရင်နီပြည်နယ်မှာရှိတဲ့ ကယန်းလူမျိုးတို့၏ လည်ပင်းတွင် ကြေးကွင်းပတ်သော ယဉ်ကျေးမှုက တစထက် တစ ပျောက် ကွယ်လာပြီ ဖြစ်တဲ့ ရိုးရာ ယဉ်ကျေးမှု တခုလည်း ဖြစ်သည်။

ယနေ့ကာလမှာတော့ ကယားပြည်နယ်က တိုင်းရင်းသားတို့၏ ရှားပါးလာနေတဲ့ မိရိုးဖလာ လူနေမှုဘဝ၊ ရှေးဟောင်းရိုးရာ ထိန်းသိမ်းမှုပုံစံတွေကို လေ့လာချင်ရင် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း တာဝန်ခံတွေကတဆင့် ဆက်သွယ်နိုင်ပါသည်။

ကယားပြည်နယ်တွင်၂၀၁၅ နှစ်ကုန်၊ ၂၀၁၆ အစောပိုင်းက စတင်ခဲ့ပြီး နယ်သာလန် Trust Fund (NTF) က ထောက်ပံ့တဲ့ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းစီမံကိန်းက ဒေသခံလူထု အလုပ်အကိုင်ရရှိရေးနှင့် ဝင်ငွေ ရှာဖွေရေးအတွက် အထောက်အကူပြုသည်ဟု လွိုင်ကော် ဒေသခံတွေက ပြောသည်။

NTF သည် ဒေသခံတွေကို နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေအတွက် အစားအသောက် ပြင်ဆင်မှုပိုင်းဆိုင်ရာနှင့် သန့်ရှင်းမှုပိုင်းဆိုင်ရာတွေကို သင်ကြားပေးသည့် သင်တန်းတွေကိုလည်း ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ သို့သော်လည်း ထိုစီမံကိန်းသည် ယခုနှစ်ဇွန်လတွင် ပြီးဆုံးသွားပြီဖြစ်ကြောင်း ကယားပြည်နယ်ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဌေးအောင်က ပြောခဲ့သည်။

ရပ်ရွာအခြေစိုက် ဒေသခံလမ်းညွှန်တွေက ရှေးဟောင်းယဉ်ကျေးမှုပုံစံအတိုင်း နေထိုင်သူတွေကို လိုက်လံပြသပြီး ဒေသန္တရ ဘာသာစကားကို ဘာသာပြန်ပေးသူတွေလည်း ဖြစ်ကြသည်။ ဒေသခံလမ်းညွှန်တို့ ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းကို ရပ်ရွာရန်ပုံငွေအဖြစ် ပြန်လည်အသုံးပြုပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပြန်လည် အသုံးပြုကြသည်။

မြန်မာပြည်မှာ ပျောက်ကွယ်လုဖြစ်နေတဲ့ ရိုးရာဓလေ့အတွက် ထိန်းသိမ်းရေးဆိုင်ရာ အသိနဲ့ ထောက်ပံ့မှုတွေ လိုအပ်နေဆဲ ဖြစ်ပါသည်။

ရိုးရာ ဝတ်စားဆင်ယင်မှုတွေနဲ့ပတ်သက်လို့ ထိန်းသိမ်းမှုအပိုင်းကို ကယားတပြည်နယ်လုံး အတိုင်းအတာအရ မလုပ်ဆောင်နိုင်သေးသော်လည်း ကျေးရွာများမှာ စတင် လုပ်ဆောင်နေသည်ဟု ကယားအမျိုးသားစာပေ ယဉ်ကျေးမှုကော်မတီ အတွင်းရေးမှူး ခူးဖဲညို့ရယ်က ပြောသည်။

ငွေနားကပ်၊ ငွေခါးနှင့် ငွေဆွဲကြိုး စတဲ့ ရှေးဟောင်းဝတ်စုံအပြည့် ဆင်ယင်မှုမှာ တွဲဖက် ဝတ်ဆင်ရတဲ့ အလှတန်ဆာများ ထုတ်လုပ်သူပညာရှင်များလည်း တစစ ရှားပါးလာတဲ့အတွက် ယဉ်ကျေးမှု ထိန်းသိမ်းရာမှာ အခက်အခဲ ဖြစ်ပေမယ့် ကြိုးစား ထိန်းသိမ်းနေရသည်ဟု သိရှိရသည်။

ကယားပြည်နယ်တွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၂၈၀၀၀၀ ခန့်ရှိသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အနည်းဆုံး ၈ ဖွဲ့လောက် လှုပ်ရှားနေသော ပြည်နယ်လည်း ဖြစ်သည်။

Link: https://www.irrawaddy.com/specials/saving-cultures-karenni.html

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren